မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

...ပြုမိန့်အမှတ် မနသ-၁၇၀/၉၇ ၁၉၉၇ ခုနှစ်၊ မေ လ ၁၂ ရက်။

...မြန်မာနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ ...

...ပြုသည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦးအောင်ကျော်(ခ)ဦးဝှဲရင်

(ခ) အဘအမည် ဦးကွမ်ပေါက်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၁၀၆၂၄၃

(ဃ) နေရပ်လိပ်စာ ၃၆/၇၈၊ အမှတ် ၁၁၀၊ ၆၄၄ ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း ဆောက်သဲင်း(န်)မက်တဲ (လ်) ~~ဝေါ့(ခ်)~~ အင်ဒတ်(စ်)ထရီကုမ္ပဏီလီမိတက် (Southern Metal ~~Work~~ Industry Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ခေတ်မီပရိဘောဂထုတ်လုပ်ခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မြေကွက်အမှတ် ၂၄၆(ခ)၊ မြေတိုင်းရပ်ကွက် အမှတ်(၂၃)၊ စက်မှုဇုန်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်တိုင်း ။

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၂၁.၄ သန်း (ကျပ်နှစ်ဆယ့်တစ်သန်းလေးသိန်းတိတိ)

(၃-၁၁-၉၇)နေ့တွင် ပြုလုပ်သည့် ကော်မရှင်၏ ၁၉/၉၇ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြင်ဆင်သည်။

(စိုးဝင်း)
ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု
ဦးစီးဌာန

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

စာအမှတ်၊ ရက - ၁/ မ - ၁၁၅/ ၉၇ (၁၈၃၀)။
ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်။

အကြောင်းအရာ။ ။ ကုမ္ပဏီအမည် ပြောင်းလဲခွင့်ပြုခြင်း ။

ရည်ညွှန်းချက်။ ။ ဆောက်သဲင်း (န်) မက်တဲ (လ်) အင်ဒတ် (စ်) ထရီကုမ္ပဏီလီမိတက်၏ (၁၂-၁၂-၉၇) နေ့စွဲပါစာအမှတ်၊ အက်စ်အမ်အိုင် - ၄/ ၉၇/ ၉၈/ ၉။

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၃-၁၁-၉၇) နေ့တွင် ကျင်းပပြုလုပ်သည့် (၁၉/ ၉၇) ကြိမ်မြောက်ကြိုတင်ညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်အရ၊ မူလအမည် ``ဆောက်သဲင်း (န်) မက်တဲ (လ်) ဝေါ့ (ခ်) အင်ဒတ် (စ်) ထရီကုမ္ပဏီလီမိတက်`` (Southern Metal Work Industry Co., Ltd.) မှ ``ဆောက်သဲင်း (န်) မက်တဲ (လ်) အင်ဒတ် (စ်) ထရီကုမ္ပဏီလီမိတက်`` (Southern Metal Industry Co., Ltd.) သို့ ပြောင်းလဲခွင့်ပြုလိုက်ပါသည်။

၂။ အထက်ပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပေးခဲ့သော (၁၂-၅-၉၇) ရက်စွဲပါခွင့်ပြုမိန့်အမှတ်၊ မနသ-၀၇၀/ ၉၇တွင် ``ဆောက်သဲင်း (န်) မက်တဲ (လ်) အင်ဒတ် (စ်) ထရီကုမ္ပဏီလီမိတက်`` (Southern Metal Industry Co., Ltd.) ဟု ပြောင်းလဲလိုက်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကော်မရှင်မှထုတ်ပြန်ပေးခဲ့သော (၁၂-၅-၉၇) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၆/ ၉၇) တွင်ပါရှိသော ``ဆောက်သဲင်း (န်) မက်တဲ (လ်) ဝေါ့ (ခ်) အင်ဒတ် (စ်) ထရီကုမ္ပဏီလီမိတက်`` (Southern Metal Work Industry Co., Ltd.) ဟူသောစကားရပ်အစား ``ဆောက်သဲင်း (န်) မက်တဲ (လ်) အင်ဒတ်(စ်)

ထရီကုမ္ပဏီလီမိတက်" (Southern Metal Industry Co., Ltd.)
ဟူ၍ ပြောင်းလဲသတ်မှတ်လိုက်ပါသည်။

အမိန့်အရ

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

ဒါရိုက်တာ
ဆောက်သိုင်း(န်) မက်တဲ(လ်)
အင်ဒတ်(စ်) ထရီကုမ္ပဏီလီမိတက်။
Southern Metal Industry Co., Ltd.

မိတ္တူကို -

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။
၅။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။
၆။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
၇။ အမှတ် (၂) စက်မှုဝန်ကြီးဌာန။
၈။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။
၉။ အလုပ်သမားဝန်ကြီးဌာန။
၁၀။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်။
၁၁။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ငယ်။
(ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်
စစ်ဆေးရေးဦးစီးဌာန)။

၁၂။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။

၁၃။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန။

၁၄။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန။

၁၅။ ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့အာမခံလုပ်ငန်း ။

၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။

၁၇။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီး ဌာန။

၁၈။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန။

၁၉။ ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ။

၂၀။ အုပ်ချုပ်မှုဒါရိုက်တာ၊ ဆောက်သဲင်း(န်) မက်တဲ(လ်) အင်ဒတ်(စ်) တရီ ကုမ္ပဏီလီမိတက်။

မသ*၁/၁/၉၀။

ပုံစံ(မနသ–၂)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ–၂၂၁/၉၉ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦးသိန်းဟန် (ခ) ဦးချင်ရှု

(ခ) အဘအမည် ဦးချင်နန်းစိန်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၃/ကတန(နိုင်)၀၀၀၂၀၅

(ဃ) နေရပ်လိပ်စာ အမှတ်(၂၃၈)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း ဖိုးကပ်(စ်)ဝုဒ်(ဒ်) အင်ဒတ်စထရီကုမ္ပဏီလီမိတက်(Focus Wood Industry Co.,Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား သစ်အခြေခံကုန်ချောများ ထုတ်လုပ်ရောင်းချခြင်း၊ ပရိဘောဂများနှင့်သစ်အခြေခံတန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ခြင်း ။

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မြေကွက်အမှတ်(H /၁)၊ မြို့ကွက်သစ်စက်မှုရပ်ကွက်၊ မန္တလေးစက်မှုဇုန်နယ်မြေ၊ မန္တလေးမြို့။

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၆၆.၀၀ သန်း (ကျပ်ခြောက်ဆယ့်ခြောက်သန်းတိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၈ /၉၉ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်။
(၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

၁။ မြန်မာကုမ္ပဏီဖြစ်သော ဖိုးကပ်(စ်) ဝုဒ်(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.) မှ ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးဖြစ်သူ ဒေါ်ဟွမ်ချွန် အမည်ဖြင့် မန္တလေးမြို့၊ မြို့ကွက်သစ် ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့မှ ဂရန်ချပေးထားသည့် မန္တလေးမြို့၊ မန္တလေးစက်မှုဇုံ နယ်မြေ၊ မြို့ကွက်သစ်၊ စက်မှုရပ်ကွက်၊ မြေကွက်အမှတ် (H/၁) ရှိ မြေ(၁.၂၀၅)ဧက (၄၈၇၆.၄၆၆ စတုရန်းမီတာ) ပေါ်တွင် စက်ရုံတည်ဆောက်ပြီး သစ်အခြေခံ ကုန်ချောများ ထုတ်လုပ်ရောင်းချခြင်း၊ ပရိဘောဂများနှင့် သစ်အခြေခံ တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၁၈-၁-၉၉)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂/၉၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ (၂၈-၁-၉၉) နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၅/၉၉)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက် အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဖိုးကပ်(စ်) ဝုဒ်(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.) အား သစ်အခြေခံ ကုန်ချောများ ထုတ်လုပ်ရောင်းချခြင်း၊ ပရိဘောဂများနှင့် သစ်အခြေခံ တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန် အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ-၂၂၅/၉၉ ကို ထုတ်ပေးလိုက်သည်။

၂။ ဖိုးကပ်(စ်) ဝုဒ်(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.) အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ကုန်ထုတ်လုပ်မှု လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃) နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃(က)အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏ အပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလ အတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျက် လုပ်ငန်းအကောင်အထည် ဖော်မှု အခြေအနေပေါ် မူတည်၍ ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ခ) အရ လုပ်ငန်းက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့် အမြတ်ငွေအပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိ ကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ် အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(ဂ)အရ ထုတ်လုပ်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက် နှင့် အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါ လုပ်ငန်း အကောင် အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(စ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လုပ်ငန်း အမှန်တကယ် အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဆ)အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ် တန်ဖိုးလျော့ငွေ ကို သတ်မှတ်သည့် နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နှုတ်ပယ်ခွင့် နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့ နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၁၃(ဈ)အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှန်တကယ် လိုအပ်၍ ပြည်ပမှတင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ် အကောက်ခွန် နှင့် အခြား ပြည်တွင်း အခွန် အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃(ဈ)အရ သတ်မှတ်ထားသည့် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလကုန်ဆုံး၍ ပထမ (၃)နှစ်အတွက် ကုန်ထုတ်လုပ်ရန် ပြည်ပမှ တင်သွင်းသည့် လုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြား ပြည်တွင်း အခွန်အကောက်များကို ကင်းလွတ်ခွင့် ပြုသည်။

(ဇ) ဥပဒေပုဒ်မ ၁၃(ည) အရ ထုတ်လုပ်မည့် ကုန်ပစ္စည်းများပြည်ပသို့ တင်ပို့ရောင်းချမှုအပေါ် ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဈ) နှင့် (ဈ) အရ ပြည်ပမှ တင်သွင်းသည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်၍ အောက်ပါ အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

(က) နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import) ဥပမာ – ပြည်ပတင်ပို့မှု မှ ဝင်ငွေ၊ ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည် ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်းငွေပေးချေစနစ် (Deferred Payment System)စသည်တို့ကို ဖော်ပြရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေး ကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား (Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List)

များကို နိုင်ငံခြား မတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေးအဖွဲ့ငယ်သို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

၄။ ဖိုးကပ်(စ်) ဝု(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.) သည် လုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန် ပစ္စည်းများနှင့် လုပ်ငန်းသုံး ပစ္စည်းများ ကို ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည်ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်း ငွေပေးချေစံနစ် (Deferred Payment System) စသည်တို့ဖြင့် ဝယ်ယူတင်သွင်းပြီး၊ ပြန်လည်ပေးဆပ်သည့် အခါ အဆိုပြု လုပ်ငန်းမှရရှိသည့် တရားဝင် နိုင်ငံခြားငွေဖြင့်သာ ပေးဆပ်ရမည်။

၅။ အဆိုပြုလုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန် ပစ္စည်းများနှင့် လုပ်ငန်းသုံး ပစ္စည်းများကို ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည်ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်း ငွေပေးချေစံနစ် (Deferred Payment System) စသည်တို့ဖြင့် ရယူဆောင်ရွက် ခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိပဲ ငွေချေးသူ၏ တာဝန်သာ ဖြစ်စေရမည်။

၆။ ဖိုးကပ်(စ်) ဝု(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်း ဆောင်ရွက် ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ အဖြစ် ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၇။ ဖိုးကပ်(စ်) ဝု(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.) သည် ကုန်ချော ပစ္စည်းများအား ပြည်ပသို့ တင်ပို့ရောင်းချရာတွင် သစ်တောရေးရာ ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် မူဝါဒနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၈။ ဖိုးကပ်(စ်) ဝု(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.) သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်းများကို သီးခြားပြုစုထားရှိရမည်။

၉။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှု နှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာ နှင့်ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၁၀။ ဖိုးကပ်(စ်) ဝု(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.)မှ နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှားရမ်းခွင့် ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၉)၊ အပိုဒ် ၃၃ပါ သတ်မှတ်ချက်များနှင့်အညီ ဤကော်မရှင်သို့ သီးခြား တင်ပြလျှောက်ထားရမည်။

၁၁။ အဆိုပြု လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၂။ ဖိုးကပ်(စ်) ဝု(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.)သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု

ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံဂတိပြုထားသည့်အတိုင်း စံနှစ်တကျ ထားရှိ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံ ရမည်။

၁၃။ ဖိုးကပ်(စ်) ဝုဒ်(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.)သည် ပူးတွဲပါ ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး ၃(သုံး)လအတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၄။ အဆိုပြု လုပ်ငန်း စတင် ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၅။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အ မိန့် အ ရ –

(ဗိုလ်မှူးချုပ် မောင်မောင်)
အတွင်းရေးမှူး

စာအမှတ်၊ ရက–၁/မ–၃၂၂/၉၈ (၁၁၂၉၇–၀)
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။

ဖြန့်ဝေခြင်း–

၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန။
၅။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၆။ အလုပ်သမား ဝန်ကြီးဌာန။
၇။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၈။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။
၉။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။
၁၀။ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၁။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၂။ သစ်တောရေးရာ ဝန်ကြီးဌာန။
၁၃။ ဥက္ကဋ္ဌ၊ မန္တလေးမြို့ စည်ပင်သာယာရေး ကော်မတီ။
၁၄။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၅။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။ (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန။)
၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။

၁၇။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၃။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှု ကြီးကြပ်ရေး နှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန။
၂၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၂၅။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ သစ် လုပ်ငန်း။
၂၆။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း။
၂၇။ အုပ်ချုပ်မှု ဒါရိုက်တာ၊ ဖိုးကပ်(စ်) ဝုဒ်(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.)။

အမိန့်အရ –

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01- 282101

တယ်လီဖုန်း - ၂၇၂၉၁၂၊ ၂၇၂၁၅၉၊ ၂၇၃၉၀။

ရက-၁/မ-၃၂၂/၉၈(၆၀၅၆)

စာအမှတ်၊ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

ရက်စွဲ၊

အကြောင်းအရာ။ ။ **သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ။**

ရည်ညွှန်းချက်။ ။ FOCUS WOOD INDUSTRY CO., LTD - ၏ (၂၂-၁၁-၉၈) နေ့စွဲပါစာ။

၁။ FOCUS WOOD INDUSTRY CO., LTD.-- သည် မန္တလေးမြို့မြောက် သစ်စက်မှုရပ်ကွက်၊ မြေကွက်အမှတ် (H /၁) တွင် သစ်အခြေခံတန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် စက်ရုံတည်ဆောက်ပြီး တံခါးများ၊ ပြတင်းပေါက်များ၊ ကျည်းဘောင်များ ကြမ်းခင်းပါကြေးများ၊ Moulding များ၊ ပရိဘောဂအစိတ်အပိုင်းများနှင့် အခြားသစ်အချောထည်ပစ္စည်း အမျိုးမျိုး ထုတ်လုပ်သည့်လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်အတွက် ရည်ညွှန်းပါစာဖြင့် ဤကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။ (ပူးတွဲ)

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း (၃) အပိုဒ် ၁၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပြုချက်စိစစ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားများကို တောင်းခံရယူရန် လိုအပ်ပါသည်။ သို့ပါ၍ အဆိုပါလုပ်ငန်း ဆောင်ရွက်ရန်တင်ပြထားသည့် မြေနေရာတွင် စက်မှုလုပ်ငန်း ဆောင်ရွက်ခွင့်နှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တွဲဖက်အတွင်းရေးမှူး (ကိုယ်စား)

(စိုးဝင်း ၊ ညွှန်ကြားရေးမှူး)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ပူးတွဲ (၁) အဆိုပြုချက်။

(၂) ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ ထွက်ချက်မှုဇယားများ။

(၃) Deferred Payment Loan Agreement (Draft)

(၄) မြေအထောက်အထား ။

(၅) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ။

(၆) ငွေရေးကြေးရေး အထောက်အထား ။

* အေး *၃၀-၁၁-၉၈

1.12.98

legal –

App –

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သစ်တောရေးရာ ဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ၂/ ၂၃၀(၈)(၃)/(၂၅၅၁ / ၉၈)

ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

အကြောင်းအရာ။ ။ **Focus Wood Industry Co., Ltd မှမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ၊ သစ်အခြေခံတန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ရန်အတွက်စက်ရုံတည်ဆောက်လိုခြင်းကိစ္စ**

ရည်ညွှန်းချက်။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၇-၁၁-၉၈ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၃၂၂/၉၈(၆၀၅၆)

၁။ Focus Wood Industry Co., Ltd. မှ မန္တလေးမြို့၊ မြို့ကွက်သစ်စက်မှုရပ်ကွက် မြေကွက်အမှတ်(H / ၁)တွင်သစ်အခြေခံတန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် စက်ရုံတည်ဆောက်လိုခြင်းကိစ္စနှင့်ပတ်သက်၍ ရည်ညွှန်းချက်ဖြင့် မေတ္တာရပ်ခံလာသည့် စာအပေါ် ဤဝန်ကြီးဌာန၏သဘောထားမှတ်ချက်ကိုပြန်ကြားအပ်ပါသည်။

၂။ Focus Wood Industry Co., Ltd. မှတင်ပြချက်များအပေါ် လေ့လာစိစစ်ချက်အရ၊ ၎င်းတို့လုပ်ငန်းအတွက်လိုအပ်သည့်ကျွန်းသစ်လုံးတန်(၃၀၀၀)ကိုမြန်မာ့သစ်လုပ်ငန်းမှတင်ဒါဈေးနှုန်းအတိုင်း အမေရိကန်ဒေါ်လာဖြင့်ဝယ်ယူမည်ဖြစ်ကြောင်း နှင့်သစ်မာသစ်လုံးတန်(၃၀၀၀)ကိုမြန်မာ့သစ်လုပ်ငန်းမှလည်းကောင်း၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်နှင့်အခြားတရားဝင်သစ်ဝယ်ယူထုတ်လုပ်ခွင့်ရရှိထားသောပုဂ္ဂလိကလုပ်ငန်းရှင်များထံမှလည်းကောင်း၊ အမေရိကန်ဒေါ်လာဖြင့်ဖြစ်စေ၊ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ ကာလပေါက်ဈေးဖြင့်ဝယ်ယူ၍ - ကုန်ကြမ်းရရှိရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသောကုန်ချောများ၏(၇၀ %)ကိုပြည်ပသို့တင်ပို့ရောင်းချပြီး ကျန်(၃၀ %)ကိုပြည်တွင်းတွင်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၂/

၃။ သို့ရာတွင်သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ကုမ္ပဏီများသို့ ကျွန်းသစ်လုံးများကို အမေရိကန်ဒေါ်လာဖြင့်သာ တင်ဒါဈေးနှုန်းအတိုင်း ရောင်းချပေးလျက်ရှိပြီး တရားဝင်လမ်းကြောင်းများမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူရရှိထားသော ကျွန်းနှင့်သစ်မာသစ်လုံးကုန်ကြမ်းများမှ ထွက်ရှိလာသော ကုန်ချောပစ္စည်းများအား ပြည်ပသို့ တင်ပို့ရောင်းချလိုပါက ကျွန်းသစ်ဖြစ်လျှင် ရောင်းချရရှိသည့်နိုင်ငံခြားငွေ၏ (၂၅%) နှင့်သစ်မာဖြစ်လျှင် ရောင်းချရရှိသည့်နိုင်ငံခြားငွေ၏ (၁၀%) ကို နိုင်ငံတော် (မြန်မာ့သစ်လုပ်ငန်း) သို့အသီးသီး ပေးသွင်းပြီးမှသာ တင်ပို့ခွင့်ပြုသည့် ``မူ`` သတ်မှတ်ထားပါသည်။

၄။ သို့ဖြစ်ပါ၍မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြလျှောက်ထားလာသော Focus Wood Industry Co., Ltd . မှသစ်အချောထည်များထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လိုခြင်းကိစ္စကိုအထက်ဖော်ပြပါသစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၏သစ်မှတ်ထားသည့် ``မူ`` ဘောင်အတွင်းမှလုပ်ဆောင်သွားမည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ဒုတိယဝန်ကြီး ကိုယ်စား
(ဘချိ ၊ ဝုံး အဖွဲ့မှူး)

<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်</u>

မိတ္တူ - မြန်မာ့သစ်လုပ်ငန်း

နု * ၂၀ / ၁၆း

Appraisal –

Legal –

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01- 282101 တယ်လီဖုန်း - ၂၇၂၈၁၂၊ ၂၇၂၁၅၈၊ ၂၇၂၃၈၁။

စာအမှတ်၊
ရက်စွဲ၊ ရက-၁/မ-၄၂၂၇၈၈ (၆၀၅၆)
၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်။

အကြောင်းအရာ။ ။<u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။</u>

ရည်ညွှန်းချက်။ ။FOCUS WOOD INDUSTRY CO., LTD. - ၏ (၂၂-၁၁-၉၈) နေ့စွဲပါစာ။

၁။ FOCUS WOOD INDUSTRY CO., LTD. - သည်မန္တလေးမြို့၊ မြို့ကွက်သစ်စက်မှုရပ်ကွက်၊ မြေကွက်အမှတ်(H / ၁)တွင်သစ်အခြေခံတန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်နိုင်ရန်အတွက်စက်ရုံတည်ဆောက်ပြီး တံခါးများ၊ ပြတင်းပေါက်များ၊ ကျည်းဘောင်များ၊ ကြမ်းခင်းပါကေးများ၊ Moulding - များ၊ ပရိဘောဂအစိတ်အပိုင်းများနှင့်အခြားသစ်အခြေခံသည့်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်သည့်လုပ်ငန်းကိုမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန်အတွက်ရည်ညွှန်းပါစာဖြင့် ကော်မရှင်သို့တင်ပြလျှောက်ထားလာပါသည်။ (ပူးတွဲ)

၂။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအခန်း (၃)အပိုဒ်၁၁ပါပြဋ္ဌာန်းချက်နှင့်အညီအဆိုပြုချက်ကိုစိစစ်ရာတွင်သက်ဆိုင်ရာအဖွဲ့အစည်းများ၏သဘောထားများကိုတောင်းခံရယူရန် လိုအပ်ပါသဖြင့်အဆိုပြုချက်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍သဘောထားမှတ်ချက်ပြန်ကြားပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။

တွဲဖက်အတွင်းရေးမှူး (ကိုယ်စား)
(ဦးစိုးဝင်း၊ ညွှန်ကြားရေးမှူး)

<u>သစ်တောရေးရာဝန်ကြီးဌာန။</u>

ပူးတွဲ(၁)အဆိုပြုချက်။

(၂) ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍တွက်ချက်မှု ဇယားများ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01-282101

တယ်လီဖုန်း – ၂၇၂၉၁၂၊ ၂၇၂၁၅၉၊ ၂၇၂၃၉၁။

စာအမှတ်၊ ရက-၁/မ-၃၂၂/၉၈ (၆၀၅၆)

ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်။

အကြောင်းအရာ။ ။ သစ်တောထွက်ပစ္စည်း ရောင်းချခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။ FOCUS WOOD INDUSTRY CO., LTD. – ၏ (၂၂-၁၁-၉၈) နေ့စွဲပါစာ။

၁။ FOCUS WOOD INDUSTRY CO., LTD. – သည် [illegible] မြို့၊ မြို့ကွက်သစ်စက်မှုရပ်ကွက်၊ မြေကွက်အမှတ် (၃ / ၁) တွင် သစ်အခြေခံတန်ဖိုးမြှင့် ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် စက်ရုံတည်ဆောက်ပြီး တံခါးများ၊ ပြတင်းပေါက် များ၊ ကြမ်းခင်းများ၊ ကြမ်းခင်းပါကေးများ၊ MOULDING – များ၊ ပရိဘောဂအစိတ်အပိုင်းများနှင့်အခြားသစ်အခြေခံပစ္စည်း အမျိုးမျိုး ထုတ် လုပ်သည့်လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင် ရွက်ခွင့်ပြုပါရန်အတွက် ရည်ညွှန်းပါစာဖြင့် ကော်မရှင်သို့တင်ပြ လျှောက်ထား လာပါ သည်။ (ပူးတွဲ)

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာလုပ်ထုံး လုပ်နည်းများ အခန်း (၃) အပိုဒ် ၁၀ ပါပြဋ္ဌာန်းချက်နှင့်အညီအဆိုပြုချက်ကို စိစစ် ရာတွင်သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားများကို တောင်းခံရယူရန် လိုအပ်ပါသဖြင့်အဆိုပြုချက်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍ သဘောထား မှတ်ချက်ပြန်ကြား ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တွဲဖက်အတွင်းရေးမှူး (ကိုယ်စား)

(စီမံကိန်း ၊ ညွှန်ကြားရေးမှူး)

<u>သစ်တောရေးရာဝန်ကြီးဌာန။</u>

ပူးတွဲ (၁) အဆိုပြုချက်။

(၂) ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ နှင့်ပတ်သက်သည့်ထုတ်ပြန်ချက်မှ စာရွက်များ

၂/–

(၃) Deferred Payment Loan Agreement (Draft)

(၄) ပြေစာ အထောက်အထား ။

(၅) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ

(၆) ငွေရေး ကြေး ရေး အထောက်အထား ။

မိတ္တူ-

ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ဒွာစ်လုပ်ငန်း ။

* အေး * ၂၆-၁၁-၉၈

15'5

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Tel : 272052, 272870, 272912

Fax : 095-01-282101

စာအမှတ်၊ ရက–၁/မ–၃၂၂/၉၉ (၁၃၇၄)

ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဧပြီလ ၂၀ ရက်။

အကြောင်းအရာ။ လုပ်ငန်းသုံးအတွက် မော်တော်ယာဉ်များ တင်သွင်းရန် ကိစ္စ။

၁။ ဖိုးကပ်(စ်) ဝု(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.) မှ သစ်အခြေခံကုန်ချောများ ထုတ်လုပ်ရောင်းချခြင်း၊ ပရိဘောဂများနှင့် သစ်အခြေခံ တန်ဖိုးမြှင့် ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ကို (၁၈–၁–၉၉)နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂/၉၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးမှ လုပ်ငန်းအတွက် မော်တော်ယာဉ်များ တင်သွင်းမှုနှင့်ပတ်သက်၍ တည်ဆောက်ရေး ကာလအတွင်း Saloon 1(one) No., Truck 1(one) No. and Pick-up 1(one) No., တို့ကို အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် လည်းကောင်း၊ လုပ်ငန်း စတင်ဆောင်ရွက်သည့် အချိန်တွင် Truck 1(one) No. and Pick-up 1(one) No., တို့ကို အခွန်အကောက် (၅၀)ရာခိုင်နှုန်း သက်သာခွင့်ဖြင့် လည်းကောင်း တင်သွင်းခွင့် ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါဆုံးဖြတ်ချက်ကိုလိုအပ်သလို ဆောင်ရွက်နိုင်ရန်နှင့် ကုန်ပစ္စည်းများ တင်သွင်းရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွင်းကုန်လိုင်စင် လျှောက်ထား ရယူရန် လိုအပ်ကြောင်း အကြောင်းကြားအပ်ပါသည်။

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

<u>အုပ်ချုပ်မှု ဒါရိုက်တာ</u>
<u>ဖိုးကပ်(စ်) ဝု(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက်။</u>

မိတ္တူကို –

(၁) စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
(၂) ဘဏ္ဍာရေး နှင့် အခွန် ဝန်ကြီးဌာန။
(၃) ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ် (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန)။
(၄) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
(၅) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
(6) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။

ဖို့.ဝေဖန်း: 28.4.99

- Appraisal ✓

- Monitoring ✓

-

အဖွေ့ဧွေ့အရင် ၇၆–၁၆။

(ပုံး ထွင်း စာအုပ် ကျဥ်း ချုပ်သို့တည်း မဟုတ်စာကြမ်း ရေး ရန်စာရွက်)

အကြောင်းအရာ။ "လုပ်ငန်းသုံးအတွက် မော်တော်ယာဉ်နှင့် စက်ပစ္စည်းများ တင်သွင်းရန်ကိစ္စ"

အထက်ပါ အကြောင်းအရာပါ ကိစ္စနှင့် စပ်လျဉ်း၍ အောက်ပါ ကုမ္ပဏီများသို့ အကြောင်းကြားမည့် စာချော (မူကြမ်း) များ တွဲလျက် မှတ်ချက်ရေးထိုးနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်.

(၁) မိုးကပ် (ဗ) ရ (ဒ) အင်ဒက်စထရီ ကုမ္ပဏီ လီမိတက်.

(၂) မေခ အင်ဒက်စထရီ (ဗ) လီမိတက်

[illegible] ၂၇/၉/ee

[illegible] ညွှန်ကြားရေးမှူး [illegible] ၂၈/၉

198 28/9/98 [illegible] ၂၈/၉ [illegible] ၂၈/၉

(၁၃.၁.၉၉) ၂/၉၉ MIC တင်သည့်ဖိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက - ၆(ခ)/၉၅၀ /၉၈ (၉၈၇၅) ၊
ရက်စွဲ ၊ ၁၉၉၉ ခုနှစ်၊ ဇန္နဝါရီလ ၂ ရက်။

အမှာစာ

အကြောင်းအရာ။ ။ <u>ဖိုးကပ်(စ်)ဝု(ဒ်)အင်ဒတ်စထရီကုမ္ပဏီလီမိတက်မှ သစ်အခြေခံကုန်ချောများ ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိစ္စ။</u>

၁။ မြန်မာကုမ္ပဏီဖြစ်သော ဖိုးကပ်(စ်)ဝု(ဒ်)အင်ဒတ်စထရီကုမ္ပဏီလီမိတက် (Focus Wood Industry Co., Ltd.) မှ သစ်အခြေခံကုန်ချောများ ထုတ်လုပ်ခြင်းလုပ်ငန်းကိုမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရဆောင်ရွက်ရန်အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၂၄-၁၂-၉၈) နေ့ ထွင်ကျင်းပပြုလုပ်ခဲ့သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၃/၉၈) ကြိမ်မြောက်ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့တင်ပြခဲ့ရာယင်း အစည်းအဝေးမှလုပ်ငန်းဆောင်ရွက်ရန်မူအားဖြင့်သဘောတူပြီးမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးသို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်အရတင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရှေ့ဆိုင်း ငွေပေး ချေခြင်းစနစ်သဘောတူစာချုပ် (မူကြမ်း) နှင့် ငွေရေးကြေးဆိုင်ရာအထောက်အထားများကို <u>နောက်ဆက်တွဲ (၁)</u> တွင်တင်ပြထားပါသည်။

၂။ ဤလုပ်ငန်း၏ မတည်ငွေရင်း မြန်မာကျပ် အမေရိကန်ဒေါ်လာ (၁.၅၀) သန်းအပါအဝင်ကျပ် (၆၆.၀၀) သန်း ဖြစ်ပါသည်။ ယင်း တွင် ငွေသား ကျပ် (၃၃.၀၀) သန်း [အမေရိကန် ဒေါ်လာ (၀.၅၀) သန်း အပါအဝင်]၊ စက်ပစ္စည်း ကိရိယာ များ တန်ဖိုး ကျပ် (၆.၀၀) သန်း [အမေရိကန် ဒေါ်လာ (၁.၀၀) သန်း]၊ အဆောက်အဦ များတန်ဖိုး ကျပ် (၂၀.၀၀) သန်း ၊ မြေတန်ဖိုး ကျပ် (၇.၀၀) သန်း ထည့်ဝင်ရင်း နှီး မည်ဖြစ်ပါသည်။ စက်ပစ္စည်း ကိရိယာနှင့်ကုန်ကြမ်း ဝယ်ယူရန်အတွက် ငွေသား များ ကို ဟောင်ကောင် Western Harvest International Ltd. မှ ရှေ့ဆိုင်း ငွေပေး ချေခြင်းစနစ် ဖြင့်တစ်နှစ်လျှင်အတိုး နှုန်း (၅) ရာခိုင်နှုန်း ဖြင့်ဆိုင်း ငံ့ကာလ (၂) နှစ်ဖြင့် (၃) နှစ် အတွင်း ပြန်လည် ပေး ဆပ်ရမည်ဖြစ်ပါသည်။

အညီ ဆောင်ရွက် စေသင့်ပါကြောင်း နှင့်သစ်တော ရေး ရာဝန်ကြီး မှာ နယ်သို့သဘော ထား မှတ်ချက် တောင်း ခံခဲ့ရာသတ်မှတ်ယား သည့် "မူ" ဘောင်အတွင်း မှလုပ် ဆောင်သွား မည်ဆိုပါက၊ ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြား လာ ပါသည်။

၁၂။ ဤလုပ်ငန်း သည်မြန်မာ နိုင်ငံသား များ သာလျှင်ပိုင်ဆိုင် သော လုပ်ငန်း ဖြစ်ပြီး ၊ နိုင်ငံခြား မှ မည်သူ မျှပိုင်ဆိုင်မှုမရှိ ကြောင်း ၊ မြေယာ နှင့် ပတ်သက်၍သတ်မှတ်ပြ ဋ္ဌါန်း သည့်စည်း ကမ်း သတ်မှတ်ချက် များ ကိုလိုက်နာ ဆောင်ရွက် မည်ဖြစ် ကြောင်း ၊ ပတ်ဝန်း ကျင်ညစ်ညမ်း မှုမဖြစ်ပွား စေရန်အတွက်လိုအပ် သော အစီအမံ များ ၊ ကြိုတင်ကာ ကွယ် မှုများ ပြုလုပ် ဆောင်ရွက်ထား မည်ဖြစ် ကြောင်း ၊ ငွေ ချေး ယူခြင်း သည် နိုင်ငံ တော် နှင့်သက်ဆိုင်ခြင်း မရှိဘဲကုမ္ပဏီ၏တာ ဝန်သာဖြစ် ကြောင်း နှင့်ထွက်ရှိလာ သောကုန် ချော များ အတွက်ပြည်ပသို့တင်ပို့ ရောင်း ချရန် ဈေး ကွက် ရှိပြီး ဖြစ် ကြောင်း ဝန်ခံကတိပြုထား ပါသည်။

၁၃။ မြန်မာ နိုင်ငံသား များ ရင်း နှီး မြှုပ်နှံ မှုဥ ပ ဒေပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန်ကင်း လွတ်ခွင့်နှင့်သက်သာခွင့် များ ကိုခံ စား ခွင့်ပြုရန် လျှောက်ထား လာ ပါသည်။ ဥ ပ ဒေ ပုဒ်မ ၁၂ အရစီး ပွား ရေး လုပ်ငန်း စတင် သော နှစ်အပါအ ဝင် တစ်ဆက်တည်း (၃) နှစ်အတွက်ဝင် ငွေခွန်ကင်း လွတ်ခွင့် ပေး ရ မည်ဖြစ် ပါသည်။ ဥ ပ ဒေ ပုဒ်မ ၁၃ အရအခွန်ကင်း လွတ်ခွင့်နှင့်သက်သာခွင့် များ ကို တောင်း ခံထား ရာ ယင်း အ ပေါ် သုံး သပ်တင်ပြချက်ကို ပူး တွဲ တင်ပြထား ပါသည်။

၁၄။ ဆုံးဖြတ်ရန်အချက်

(က) ဖိုးကပ်(စ်)ရ(ဒ်)အင်ဒတ်စထရီကုမ္ပဏီလီမိတက်မှ သစ်အခြေခံကုန်ချောများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိုခွင့်ပြုရန် သဘောတူ - မတူ ။

(ခ) သဘောတူပါကအထက်အပိုဒ်(၁၃)ပါအခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစား ခွင့်ပြုရန်သဘောတူ - မတူ ။

အတွင်းရေးမှူး (ကိုယ်စား)
[မောင်မောင်ငြိ၊ တွဲဖက်အတွင်းရေးမှူး]

<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်</u>။

ဘို့ဝက်

ပူး တွဲ

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ရရှိရေးအတွက် လျှောက်ထားချက်အပေါ် အောက်ပါအတိုင်း သုံးသပ်တင်ပြပါသည်။

- ဥပဒေပုဒ်မ ၁၃ (က) အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ထွင်ပါဝင်သော နိုင်ငံခြားငွေပမာဏအပေါ် မူတည်၍ ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလ အတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့်ပမာဏကိုဖော်ပြလျက် ဖောင်မ ၅ ရှင်သို့ လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ခ) အရ လုပ်ငန်းမှ ပြည်ပသို့တင်ပို့ ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့်အမြတ်ငွေအပေါ် (၅၀%) ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ လုပ်ငန်း၏အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေကိုဖော်ပြလျက် ပထမ ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီးနောက် ဖောင်မ ၅ ရှင်သို့ လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဂ) အရ ကုန်ထုတ်လုပ်မှုကြောင့် ပြည်တွင်း၊ ပြည်ပ ဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန် သက်သာခွင့်ကို လုပ်ငန်းအကောင်အထည်ဖော်မှုအရ လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဃ) အရ သင်းကုန်အစားထိုး လုပ်ငန်း အဖြစ်အကျိုးအမြတ်နည်းသည့်လုပ်ငန်းအပေါ် သင့်လျော်သော ကာလအထိ ဝင်ငွေခွန်သက်သာခွင့် တောင်းခံခြင်းကိုအကျုံးဝင်ခြင်း မရှိဟုသုံးသပ်ရပါသည်။

ဘို့ဝက်

* ငွေး

- ဥပဒေပုဒ်မ ၁၃ (စ) အရ လုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကို တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုအမြတ်ငွေပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် (သို့) သက်သာခွင့်ကို အမှတ်တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အခါ လျှောက်ထားလာပါက ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဆ) အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့်နှုန်း အတိုင်း နှစ်တိုတိုနှင့် မူလတန်ဖိုးပြည့်မီသည့်အထိ အမြတ်ငွေမှ နှုတ်ပယ်ခွင့်နှင့်ပတ်သက်၍ လျှောက်ထားလာသည့်အခါ ကော်မရှင်မှ သတ်မှတ်သည့်နှုန်းအတိုင်းခွင့် ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဇ) အရ ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း တင်သွင်းလာသည့်စက်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများ အပေါ်တွင် အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဈ) အရ ကနဦးရင်းနှီးမြှုပ်နှံမှုကာလကုန်ဆုံး၍ ပထမ (၃) နှစ်အတွက် ကုန်ထုတ်လုပ်ရန်တင်သွင်းသည့်ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင်အကောက်ခွန်နှင့်အခြား ပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ည) အရ ထုတ်လုပ်မည့်ပစ္စည်းများ၊ ပြည်ပသို့ တင်ပို့ရောင်းချမှုအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်မှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၁-၅-၉၆ နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၇၇/၉၆ အရ အကျုံးဝင်ပြီးဖြစ်ပါသည်။

* ကျော်ဂ၁၂၉ဂ။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Tel : 272052, 272870, 272912
Fax : 095-01-282101

စာအမှတ်၊ ရက-၁/မ-၃၂၂/၉၉ (၁ ၃၇၄)
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဧပြီလ ၂၈ ရက်။

အကြောင်းအရာ။ လုပ်ငန်းသုံးအတွက် မော်တော်ယာဉ်များ တင်သွင်းရန် ကိစ္စ။

၁။ ဖိုးကပ်(စ်) ဝုဒ်(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.) မှ သစ်အခြေခံကုန်ချောများ ထုတ်လုပ်ရောင်းချခြင်း၊ ပရိဘောဂများနှင့် သစ်အခြေခံ တန်ဖိုးမြင့် ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ကို (၁၇-၁-၉၉)နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂/၉၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးမှ လုပ်ငန်းအတွက် မော်တော်ယာဉ်များ တင်သွင်းမှုနှင့်ပတ်သက်၍ တည်ဆောက်ရေး ကာလအတွင်း Saloon 1(one) No., Truck 1(one) No. and Pick-up 1(one) No., တို့ကို အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် လည်းကောင်း၊ လုပ်ငန်း စတင်ဆောင်ရွက်သည့် အချိန်တွင် Truck 1(one) No. and Pick-up 1(one) No., တို့ကို အခွန်အကောက် (၅၀)ရာခိုင်နှုန်း သက်သာခွင့်ဖြင့် လည်းကောင်း တင်သွင်းခွင့် ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါဆုံးဖြတ်ချက်ကိုလိုအပ်သလို ဆောင်ရွက်နိုင်ရန်နှင့် ကုန်ပစ္စည်းများ တင်သွင်းရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွင်းကုန်လိုင်စင် လျှောက်ထား ရယူရန် လိုအပ်ကြောင်း အကြောင်းကြားအပ်ပါသည်။

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

<u>အုပ်ချုပ်မှု ဒါရိုက်တာ</u>
<u>ဖိုးကပ်(စ်) ဝုဒ်(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက်။</u>

မိတ္တူကို -
(၁) စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
(၂) ဘဏ္ဍာရေး နှင့် အခွန် ဝန်ကြီးဌာန။
(၃) ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ် (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန)။
(၄) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
(၅) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
(6) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Tel : 272052, 272870, 272912
Fax : 095-01-282101

စာအမှတ်၊ ရက−၁/မ−၃၂၂/၉၉ (၁၃၇၄)
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဧပြီလ ၂၈ ရက်။

အကြောင်းအရာ။ လုပ်ငန်းသုံးအတွက် မော်တော်ယာဉ်များ တင်သွင်းရန် ကိစ္စ။

၁။ ဖိုးကပ်(စ်) ဝုဒ်(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက် (Focus Wood Industry Co., Ltd.) မှ သစ်အခြေခံကုန်ချောများ ထုတ်လုပ်ရောင်းချခြင်း၊ ပရိဘောဂများနှင့် သစ်အခြေခံ တန်ဖိုးမြင့် ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ကို (၁၈−၁−၉၉)နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂/၉၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးမှ လုပ်ငန်းအတွက် မော်တော်ယာဉ်များ တင်သွင်းမှုနှင့်ပတ်သက်၍ တည်ဆောက်ရေး ကာလအတွင်း Saloon 1(one) No., Truck 1(one) No. and Pick-up 1(one) No., တို့ကို အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် လည်းကောင်း၊ လုပ်ငန်း စတင်ဆောင်ရွက်သည့် အချိန်တွင် Truck 1(one) No. and Pick-up 1(one) No., တို့ကို အခွန်အကောက် (၅၀)ရာခိုင်နှုန်း သက်သာခွင့်ဖြင့် လည်းကောင်း တင်သွင်းခွင့် ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါဆုံးဖြတ်ချက်ကိုလိုအပ်သလို ဆောင်ရွက်နိုင်ရန်နှင့် ကုန်ပစ္စည်းများ တင်သွင်းရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွင်းကုန်လိုင်စင် လျှောက်ထား ရယူရန် လိုအပ်ကြောင်း အကြောင်းကြားအပ်ပါသည်။

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

<u>အုပ်ချုပ်မှု ဒါရိုက်တာ</u>
<u>ဖိုးကပ်(စ်) ဝုဒ်(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက်။</u>

မိတ္တူကို −

(၁) စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
(၂) ဘဏ္ဍာရေး နှင့် အခွန် ဝန်ကြီးဌာန။
(၃) ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ် (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန)။
(၄) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
(၅) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
(6) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။

၄။ ဤလုပ်ငန်းမှ ကျွန်းသစ်နှင့် သစ်မာဖြင့် ပြုလုပ်သော သစ်အခြေခံပစ္စည်းများကို ပြည်ပသို့ (၇၀)ရာခိုင်နှုန်း တင်ပို့၍ ကျန်(၃၀)ရာခိုင်နှုန်းကို ပြည်တွင်းတွင်ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ်၏ ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

စဉ်	အမျိုးအမည်	ပြည်တွင်း(၃၀%)		ပြည်ပ(၇၀%)	
		ထုတ်လုပ်မှု (Cu-M)	ရောင်းဈေးနှုန်း (ကျပ်/Cu-M)	ထုတ်လုပ်မှု (Cu-M)	ရောင်းဈေးနှုန်း (US $ / Cu-M)
၁။	ကျွန်း				
	– တံခါး / ပြူတင်းပေါက်များ	၂၈၂	၃၁၀၀၀၀	၆၈၀	၂၂၀၀
	– ပုံဖော်သစ်နှင့်ကြမ်းခင်းတုံး များ	၂၁၉	၂၂၀၀၀၀	၅၁၀	၁၄၀၀
	– ပရိဘောဂများ	၂၁၉	၂၇၀၀၀၀	၅၁၀	၁၆၀၀
၂။	သစ်မာ				
	– တံခါး / ပြူတင်းပေါက်များ	၃၂၄	၁၂၀၀၀၀	၇၅၆	၇၀၀
	– ပုံဖော်သစ်နှင့်ကြမ်းခင်းတုံး များ	၂၄၃	၈၅၀၀၀	၅၆၇	၆၀၀
	– ပရိဘောဂများ	၂၄၃	၉၀၀၀၀	၅၆၇	၆၅၀

၅။ ဤလုပ်ငန်းအတွက် သစ်ကုန်ကြမ်းများကို မြန်မာ့ သစ်လုပ်ငန်းနှင့် သစ်တော ဦးစီးဌာနမှ တင်ဒါစနစ်ဖြင့် ရောင်းချခြင်းများမှလည်းကောင်း၊ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း လီမိတက်မှ လေလံစနစ်၊ အလွတ်ရောင်းချသောစနစ်ဖြင့် ရောင်းချခြင်းမှလည်းကောင်း၊ တရားဝင်သစ် ဝယ်ယူထုတ်လုပ်ခွင့်ရရှိထားသော ပုဂ္ဂလိက လုပ်ငန်းရှင်များမှ လည်းကောင်း ကာလပေါက်ဈေးဖြင့် နိုင်ငံခြားငွေ၊ ကျပ်ငွေတို့ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၆။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့်ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကျပ်သန်း)

		ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က)	ဝင်ငွေ	၂၇၉.၂၄	၂၅.၅၈	၃၀၄.၈၂
(ခ)	အသုံးစရိတ်	၂၇၄.၅၂	၂၄.၀၄	၂၉၈.၅၆
(ဂ)	အသားတင်အမြတ်	၄.၇၂	၁.၅၄	၆.၂၆

၇။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က)	ဝင်ငွေခွန် (ကျပ် သန်း)	၂.၀၂
	(အမေရိကန်ဒေါ်လာ သန်း)	၀.၀၅
(ခ)	ကုန်သွယ်လုပ်ငန်းခွန် (ကျပ် သန်း)	၆၉.၈၁

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ရန် ပြည်တွင်းမှ ဝန်ထမ်း (၁၂၉)ဦးနှင့် ပြည်ပမှဝန်ထမ်း(၃)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီသို့ သဘောထား မှတ်ချက် တောင်းခံခဲ့ရာ ကန့်ကွက်ရန်မရှိကြောင်းနှင့် သတ်မှတ်ထားသောဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်စေသင့်ပါကြောင်းနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ သတ်မှတ်ထားသည့် "မူ" ဘောင်အတွင်းမှ လုပ်ဆောင်သွားမည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားလာပါသည်။

၁၀။ ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပြီး၊ နိုင်ငံခြားမှ မည်သူမှ ပိုင်ဆိုင်မှုမရှိကြောင်း၊ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ထားမည် ဖြစ်ကြောင်း၊ ငွေချေးယူခြင်းသည် နိုင်ငံတော်နှင့်သက်ဆိုင်ခြင်းမရှိဘဲ ကုမ္ပဏီ၏ တာဝန်သာဖြစ်ကြောင်းနှင့် ထွက်ရှိလာသော ကုန်ချောများ အတွက် ပြည်ပသို့ တင်ပို့ရောင်းချရန် ဈေးကွက်ရှိပြီးဖြစ်ကြောင်း ဝန်ခံဂတိ ပြုထားပါသည်။

၁၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန် ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ပါသည်။

၁၂။ <u>ဆုံးဖြတ်ရန်အချက်။</u>

(က) ဖိုးကပ်(စ်) ၀ု(ဒ်) အင်ဒတ်စထရီ ကုမ္ပဏီ လီမိတက်မှ သစ်အခြေခံ ကုန်ချောများ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၃။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။</u>

အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဗိုလ်မှူးချုပ် မောင်မောင်)
ဝန်ကြီး
နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌရုံး
နှင့်
အတွင်းရေးမှူး
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်။

<u>ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့။</u>

ပြည်ထောင်စုမြန်မာနိုင်ငံတော်

မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့

စာအမှတ်၊ ၁၀၀၁/၃/တဆ၇(၃)(၁၉၆၉)

ရက်စွဲ ၊ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ <u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ</u>

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၇-၉-၉၈ ရက်စွဲပါစာအမှတ်၊ ၇က-၁/မ-၃၂၂/၉၈ (၆၀၈၆)

အထက်ရည်ညွှန်းစာအရ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုရပ်ကွက်၊ မြေကွက်အမှတ်(H /၁)ရှိ မြေအကျယ်(၁ ဒသမ ၂၅)ဧက ပေါ်တွင် FOCUS WOOD INDUSTRY CO, LTD. သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ စက်ရုံတည်ဆောက်ပြီး ပရိဘောဂအစိတ်အပိုင်းများနှင့် သစ်ချောထည်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်သည့်လုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းဖြစ်ခြင်း၊ စက်ရုံတည်နေရာမှာ စက်မှုဒေသ စက်မှုဇုန်တွင်တည်ရှိခြင်းနှင့် စက်ရုံလုပ်ငန်းအတွက်လုံလောက်သောအကျယ်အဝန်းရှိခြင်းတို့ကြောင့် ၄င်းကုမ္ပဏီမှ စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းအား ဤကော်မတီအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်းနှင့် သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေသင့်ပါကြောင်း ပြန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)

(ဗိုလ်မှူးကြီးအေးထွန်းရွှေ၊ အတွင်းရေးမှူး)

ဦး/၂၂၁၂၉၈

O/C

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ

ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ရင်းနှီးမြှုပ်နှံလိုသူ၏ ဆောင်ရွက်ရန်

အဆိုပြုချက်

FOCUS WOOD INDUSTRY COMPANY LIMITED

PROPOSAL OF THE INVESTOR TO MAKE

MYANMAR CITIZEN INVESTMENT IN THE

UNION OF MYANMAR

FOCUS WOOD INDUSTRY COMPANY LIMITED

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရက်စွဲ ။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၄)ရက်။

အကြောင်းအရာ ။ ။ **<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ စိစစ်ပေးနိုင်ရန် ပေးပို့တင်ပြခြင်း။</u>**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့၏ **FOCUS Wood Industry Co.,Ltd.** အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် သစ်အခြေခံပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံကို တည်ဆောက်ပြီး ခေတ်မီနည်းစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ကုမ္ပဏီ၏ အဆိုပြုလွှာကို လိုအပ်သလို စိစစ်ပေးနိုင်ပါရန်အတွက် အဆိုပြုလွှာ (၂၅)စုံကို ပေးပို့တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

(ဦးသိန်းဟန် (ခ) ဦးချင်စု)
အုပ်ချုပ်မှုဒါရိုက်တာ
FOCUS Wood Instry Co.,Ltd